**(၇) ပင်ခြေပုပ်ရောဂါ (Collar rot)**

**ရောဂါဖြစ်စေသောသက်ရှိ -** ***Athelia rolfsii (Curzi) C. C. Tu & Kimbr.),***

***(Sclerotium rolfsii Sacc.),***

***(Corticium rolfsii Curzi)***

**ရောဂါလက္ခဏာ**

အပင်ငယ်သည် အဝါရောင်ရှိပြီး မြေပေါ်သို့လဲကျပြီး အပင်ကြီးဖြစ်ပါက အပင်ထောင်လျှက်ခြောက်နေသည်။ ပင်ခြေမှစ၍ အမြစ်အောက်ဖက်သို့ ပုပ်လာသည်။ ပင်ခြေတွင် မှိုမျှင်ဖြူများနှင့် အတူ မုန်ညင်းစေ့ကဲ့သို့သော (စကလိုရှား) အလုံးငယ်များ တွေ့ရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါရပင်ကြွင်းပင်ကျန်များအား ဖျက်ဆီးပစ်ပါ။
- မြေအစိုဓာတ်များမှု မဖြစ်စေရန် ထိန်းသိမ်းပါ။
- ရောဂါကျရောက်ပါက Azoxystrobin (အဇိုဆီစထရိုဘင်)၊ Hymexazol (ဟိုင်မီဇာဇိုးလ်)၊ Validamycin (ဗယ်လီဒါမိုင်စင်)၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊ Captan (ကက်ပ်တန်) စသော မှိုသတ်ဆေးတစ် မျိုးမျိုး ဖြင့် အပင်ခြေရင်းသို့ရွှဲရွှဲ ပက်ဖျန်းပါ။